# ငါးပါးသီလ၊ ရှစ်ပါးသီလ၊
# ကိုးပါးသီလ၊ ဆယ်ပါးသီလ၊

ဘုရားဂုဏ်တော်(၉)ပါး၊ တရားဂုဏ်တော်(၆)ပါး၊ သံဃာ့ဂုဏ်တော်(၉)ပါး၊

ပန်း၊ ဆီမီး၊ ဆွမ်း၊ ရေချမ်းကပ်လှူခြင်း၊

မေတ္တာပို့၊ အမျှဝေ၊ ဆုတောင်း၊

(၂၄) ပစ္စည်း (ပါဠိ၊ မြန်မာ၊ ဆုတောင်း)အဓိပ္ပါယ်




သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၅၄ ကောဇာ-၁၃၇၂ ခရစ်-၂၀၁၀

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ သီလပေးတရားတော်များ




ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ်(၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ငါးပါးသီလဆောက်တည်ခြင်း | ၁ |
| ၂။ | ရှစ်ပါးသီလဆောက်တည်ခြင်း | ၁၇ |
| ၃။ | ကိုးပါးသီလဆောက်တည်ခြင်း | ၃၅ |
| ၄။ | ဆယ်ပါးသီလဆောက်တည်ခြင်း | ၅၃ |
| ၅။ | ဘုရားဂုဏ်တော်(၉)ပါး | ၇၁ |
| ၆။ | တရားဂုဏ်တော်(၆)ပါး | ၈၀ |
| ၇။ | သံဃာ့ဂုဏ်တော်(၉)ပါး | ၈၂ |
| ၈။ | ပန်း၊ဆီမီး၊ဆွမ်း၊ရေချမ်းကပ်လှူခြင်း | ၈၅ |
| ၉။ | အမျှဝေ၊ ဆုတောင်း | ၈၈ |
| ၁၀။ | မေတ္တာပို့ | ၈၉ |
| ၁၁။ | ပဋ္ဌာန်း(၂၄)ပစ္စည်း(ပါဠိ၊မြန်မာ၊ဆုတောင်း) အဓိပ္ပာယ် | ၉၁ |

# ငါးပါးသီလဆောက်တည်ခြင်း



J



# ငါးပါးသီလခံယူဆောက်တည်ခြင်း

## ကန်တော့ချိုး

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှါ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်စုံ မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား၊ ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

(သီလပေးဆရာတော်က''သီလခံယူဆောက်တည်ခြင်း ကန်တော့ချိုး'' တွင် ပါဠိပုဒ်များနှင့်အဓိပ္ပါယ် ၎တ်ကွယ်နေသော အချက်အလက်များကို သီလခံယူသူများ ရှင်းလင်းစွာ နားလည်နိုင်စေရန် မြန်မာပြန် ရှင်းလင်းချက်ကို အောက်ပါအတိုင်း ရှင်းလင်းဟောကြားပါသည် –)

ဩကာသ ဩကာသ ဩကာသ ရှိခိုးကန်တော့ရန် ခွင့်ပြုတော်မူပါ၊
၃ ကြိမ်

## ငါးပါးသီလခံယူဆောက်တည်ခြင်း

| | |
|---|---|
| ကာယကံ | ကိုယ်ဖြင့်ပြုသောအမှု၊ |
| ဝစီကံ | နှုတ်ဖြင့်ပြုသောအမှု၊ |
| မနောကံ | စိတ်ဖြင့်ပြုသောအမှု၊ |
| သဗ္ဗဒေါသ | အားလုံးသောအပြစ်၊ |
| (ခပ်သိမ်းသောအပြစ်တို့ကို ပျောက် ပါစေခြင်း အကျိုးငှါ) | |
| ပထမ၊ ဒုတိယ၊ တတိယ၊ | ၁-ကြိမ်၊ ၂-ကြိမ်၊ ၃-ကြိမ်၊ |
| တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် | |
| ဘုရားရတနာ | နှစ်သက်မြတ်နိုးအပ်သောဘုရား၊ |
| တရားရတနာ | နှစ်သက်မြတ်နိုးအပ်သောတရား၊ |
| သံဃာရတနာ | နှစ်သက်မြတ်နိုးအပ်သောသံဃာ၊ |
| (ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ်၊ လက်စုံမိုး၍၊ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ ပါ၏ အရှင်ဘုရား၊ ကန်တော့ရသော အကျိုးအားကြောင့်) | |
| အပါယ်လေးပါး | အပါယ်ဟူသည် ချမ်းသာကင်း၍ ကုသိုလ်ပြုခွင့် မရသော အရပ်၊ |

## ငါးပါးသီလခံယူဆောက်တည်ခြင်း

၁။ ငရဲ = ချမ်းသာကင်း၍ ကုသိုလ်ပြုခွင့်မရသော အရပ် (ငရဲဘုံ (၈)ထပ် ရှိသည်)

၂။ တိရစ္ဆာန် = မဂ်ဖိုလ်မကပ်၊ ထောင့်ဖြတ်ဖီလာသွားတတ်သော သတ္တဝါ၊

၃။ ပြိတ္တာ =ချမ်းသာအပေါင်းမှ ကင်းဝေးသော သတ္တဝါ၊

၄။ အသူရကာယ် =နတ်များကဲ့သို့ မရဲရင့် မတောက်ပသော သတ္တဝါ၊

ကပ်သုံးပါး

ကပ်ဟူသည် ပျက်စီးခြင်းကို ဆိုလိုသည်၊

၁။ ဒုဗ္ဘိက္ခန္တရကပ်= အစာငတ်မွတ်ဘေးကြောင့် ပျက်စီးရခြင်း၊

၂။ သတ္တန္တရကပ် =လက်နက်ဘေးကြောင့် ပျက်စီးရခြင်း၊

၃။ ရောဂန္တရကပ်=ပုလိပ်ရောဂါ စသော ကပ်ရောဂါ ဘေးကြောင့် ပျက်စီးရခြင်း၊

# ငါးပါးသီလခံယူဆောက်တည်ခြင်း

ကပ်ဆိုက်ပုံ

လောဘကြီးက ဒုဗ္ဘိက္ခန္တရကပ် ဆိုက်သည်။ဒေါသကြီးက သတ္ထန္တရကပ် ဆိုက်သည်။မောဟကြီးက ရောဂန္တရကပ် ဆိုက်သည်။

**ရပ်ပြစ်ရှစ်ပါး**

ရပ်ပြစ်ရှစ်ပါးဟူသည်

မဂ်ဖိုလ်မရနိုင်သော အရပ်ဖြစ်သည်။

၁။ ငရဲ
၂။ တိရစ္ဆာန်
၃။ ပြိတ္တာ
၄။ အသညသတ်နှင့် အရူပဗြဟ္မာ
၅။ ပစ္စန္တရစ်အရပ်
၆။ မိစ္ဆာဒိဋ္ဌိအယူ
၇။ ဉာဏ်ပညာမရှိသူ
၈။ ဘုရားမပွင့်ချိန်လူဖြစ်ရခြင်း။

**ရန်သူမျိုး ငါးပါး**

ရန်သူမျိုးငါးပါးဟူသည်

၁။ ရေ
၂။ မီး
} သုံးတတ်လျှင် အကျိုးရှိသော်လည်း သတိမရှိ မသုံးတတ်လျှင် ရန်သူဖြစ်သည်။

၃။ မင်းဆိုးမင်းညစ်
မင်းကောင်းမင်းမြတ်များသည် တိုင်းပြည်အတွက်

အလိုရှိအပ်သော အရာ
ဖြစ်သည်။
မင်းဆိုးမင်းညစ်ကို သာ
ဆိုလိုရင်းဖြစ်သည်။
၄။ ခိုးသူ
၅။ အမွေခံ သားဆိုးသမီးဆိုး၊

ဝိပတ္တိတရားလေးပါး

ဝိပတ္တိဟူသည်
ဖောက်ပြန်ချွတ်ယွင်းခြင်းဖြစ်သည်။
၁။ ဂတိဝိပတ္တိ=အပါယ်ဘုံ၌ ဖြစ်ရခြင်း၊
၂။ ဥပဓိဝိပတ္တိ=ရုပ်ဆင်းအင်္ဂါ ပျက်စီးရခြင်း၊
၃။ ကာလဝိပတ္တိ =တရားမစောင့်သူတို့လက်ထက်၌ ဖြစ်ရခြင်း၊
၄။ ပယောဂဝိပတ္တိ= အကုသိုလ် တရားကိုသာအား ထုတ်၍ နေခြင်း၊

ဗျသနတရားငါးပါးတို့မှ

ဗျသနဟူသည်
ပျက်စီးခြင်းဖြစ်သည်။
၁။ ဉာတိဗျသန=ဆွေမျိုးပျက်စီးခြင်း၊
၂။ ဘောဂဗျသန=စည်းစိမ်ပျက်စီးခြင်း၊

# ငါးပါးသီလခံယူဆောက်တည်ခြင်း

၃။ ရောဂဗျသန=ရောဂါနှိပ်စက်
ပျက်စီးခြင်း၊
၄။ ဒိဋ္ဌိဗျသန=အယူလွဲမှားပျက်စီးခြင်း၊
၅။ သီလဗျသန=အကျင့်သီလ ပျက်စီး
ခြင်း၊

(အခါခပ်သိမ်း ကင်းလွတ်
ငြိမ်းသည်ဖြစ်၍ )

မဂ်တရား — မဂ်တရားဟူသည် နိဗ္ဗာန်သို့ ဆိုက်ရောက်ကြောင်း လမ်းဖြစ်သည်။


ဖိုလ်တရား — ဖိုလ်တရားဟူသည် နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းကြောင်း၏ ကောင်းကျိုးဖြစ်သည်။

နိဗ္ဗာန်ချမ်းသာ (တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။) — နိဗ္ဗာန်ချမ်းသာဟူသည် ရုပ်နာမ်ခန္ဓာတို့၏ ချုပ်ငြိမ်းရာ ချမ်းသာသော ဓာတ်သဘော ဖြစ်သည်။

## ငါးပါးသီလခံယူဆောက်တည်ခြင်း

(သီလပေးဆရာတော်) ဤသို့ ရတနာသုံးပါးကို ရှိခိုးပူဇော်
ဖူးမြော် မာန်လျှော့ကန်တော့ ရသော
ကုသိုလ်ကံ စေတနာ တို့ကြောင့်
မိမိတို့ အလိုရှိအပ် တောင့်တအပ်
သော ဆုထူး ဆုမြတ် အပေါင်းတို့
နှင့် ပြည့်စုံကြပါစေ။

(ပရိသတ်) ပေးသောဆုနှင့်ပြည့်စုံရပါလို၏ အရှင်ဘုရား။



# ငါးပါးသီလဆောက်တည်ပုံ

## သီလတောင်း

(သီလပေးဆရာတော်က ချပေး၍ ပရိသတ်များက လိုက်ဆိုရန်)

**အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။**

အရှင်ဘုရား၊ သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလ ဟူသော တရားတော်ကို တောင်းပါ၏၊

အရှင်ဘုရား၊ တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ငါးပါးသီလကို ပေးတော်မူပါကုန်ဘုရား။

**ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။**

အရှင်ဘုရား နှစ်ကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလ ဟူသော တရားတော်ကို တောင်းပါ၏၊

အရှင်ဘုရား၊ တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ငါးပါးသီလကို ပေးတော်မူပါကုန်ဘုရား။

## ငါးပါးသီလခံယူဆောက်တည်ခြင်း

**တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။**

အရှင်ဘုရား၊ သုံးကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း တပည့်တော်သည် သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလ ဟူသော တရားတော်ကို တောင်းပါ၏၊


အရှင်ဘုရား၊ တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ငါးပါးသီလကို ပေးတော်မူပါကုန်ဘုရား။

**(သီလပေးဆရာတော်) ယ မဟံ ဝဒါမိ၊ တံ ဝဒေထ။**

ဆရာတော်ဆိုသလို လိုက်ဆိုကြပါ။

**(ပရိသတ်) အာမ ဘန္တေ။**

မှန်ပါဘုရား။



# သီလပေးဘုရားရှိခိုး

(သီလပေးဆရာတော်က ချပေး၍ ပရိသတ်များက လိုက်ဆိုရန်)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပူဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်သာ သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပူဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်သာ သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပူဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်သာ သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

# သရဏဂုံဆောက်တည်ပုံ

(သီလပေးဆရာတော်က ချပေး၍ ပရိသတ်များက လိုက်ဆိုရန်)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ဓမ္မံ သရဏံ ဂစ္ဆာမိ။
တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

သံဃံ သရဏံ ဂစ္ဆာမိ။
သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
နှစ်ကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
နှစ်ကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

## ငါးပါးသီလခံယူဆောက်တည်ခြင်း

ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
နှစ်ကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း သံဃာတော်
မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
သုံးကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း မြတ်စွာဘုရားကို
ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သုံးကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း တရားတော်
မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
သုံးကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း သံဃာတော်
မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

(သီလပေးဆရာတော်) သရဏဂမနံ ပရိပုဏ္ဏံ။
သရဏဂုံဆောက်တည်မှု ပြည့်စုံပြီ။

(ပရိသတ်) အာမ ဘန္တေ။
မှန်ပါဘုရား။

# ငါးပါးသီလဆောက်တည်ပုံ

(သီလပေးဆရာတော်ကချပေး၍ ပရိသတ်များကလိုက်ဆိုရန်)

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရာဖြစ်သောသိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတစ်ပါး၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ရာဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ရာဖြစ်သောသိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၄။ မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

မဟုတ်မမှန် လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ရာဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

## ငါးပါးသီလဆောက်တည်ခြင်း

၅။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

သေရည်သေရက်နှင့် မူးယစ်ဆေးဝါးတို့ကို သောက်သုံးခြင်းမှ ရှောင်ကြဉ်ရာဖြစ်သောသိက္ခာပုဒ်ကို ကောင်းစွာဆောက်တည်ပါ၏။

(သီလပေးဆရာတော်က ချပေး၍ပရိသတ်များကလိုက်ဆိုရန်)

ဣဒံ မေ သီလံ မဂ္ဂဖလနိဗ္ဗာနဿ ပစ္စယော ဟောတု၊

တပည့်တော်၏ ဤယခုဆောက်တည်ပြီးသော ငါးပါးသီလသည် မဂ်ဖိုလ်နိဗ္ဗာန်ကိုရခြင်း၏ အားကောင်းသော အကြောင်း အထောက်အပံ့ ဖြစ်ပါစေသတည်း။

(သီလပေးဆရာတော်) တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။


သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလဟူသော တရားတော်ကို အရိုအသေ အလေးအမြတ်ပြု၍ မမေ့မလျော့သော သတိဖြင့် ပြီးပြည့်စုံ စေကြကုန်လော့။

(ပရိသတ်) အာမ ဘန္တေ။

မှန်ပါဘုရား။

**(ငါးပါးသီလဆောက်တည်ခြင်းပြီး၏။)**

# ရှစ်ပါးသီလဆောက်တည်ခြင်း





## ရှစ်ပါးသီလခံယူဆောက်တည်ခြင်း

### ကန်တော့ချိုး

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှါ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်စုံ မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား၊ ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

(သီလပေးဆရာတော်က''သီလခံယူဆောက်တည်ခြင်း ကန်တော့ချိုး'' တွင် ပါဠိပုဒ်များနှင့်အဓိပ္ပါယ် ငုတ်ကွယ်နေသော အချက်အလက်များကို သီလခံယူသူများ ရှင်းလင်းစွာ နားလည်နိုင်စေရန် မြန်မာပြန် ရှင်းလင်းချက်ကို အောက်ပါအတိုင်း ရှင်းလင်းဟောကြားပါသည် –)

ဩကာသ ဩကာသ ဩကာသ ရှိခိုးကန်တော့ရန် ခွင့်ပြုတော်မူပါ၊
၃ ကြိမ်

## ရှစ်ပါးသီလခံယူဆောက်တည်ခြင်း

| | |
|---|---|
| ကာယကံ | ကိုယ်ဖြင့်ပြုသောအမှု၊ |
| ဝစီကံ | နှုတ်ဖြင့်ပြုသောအမှု၊ |
| မနောကံ | စိတ်ဖြင့်ပြုသောအမှု၊ |
| သဗ္ဗဒေါသ | အားလုံးသောအပြစ်၊ |
| (ခပ်သိမ်းသောအပြစ်တို့ကို ပျောက် ပါစေခြင်း အကျိုးငှါ) | |
| ပထမ၊ ဒုတိယ၊ တတိယ၊ | ၁–ကြိမ်၊ ၂–ကြိမ်၊ ၃–ကြိမ်၊ |
| တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် | |
| ဘုရားရတနာ | နှစ်သက်မြတ်နိုးအပ်သောဘုရား၊ |
| တရားရတနာ | နှစ်သက်မြတ်နိုးအပ်သောတရား၊ |
| သံဃာရတနာ | နှစ်သက်မြတ်နိုးအပ်သောသံဃာ၊ |
| (ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ်၊ လက်စုံမိုး၍၊ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ ပါ၏ အရှင်ဘုရား၊ ကန်တော့ရသော အကျိုးအားကြောင့်) | |
| အပါယ်လေးပါး | အပါယ်ဟူသည် ချမ်းသာကင်း၍ ကုသိုလ်ပြုခွင့် မရသော အရပ်၊ |

၁။ ငရဲ ဘ= ချမ်းသာကင်း၍ ကုသိုလ်ပြုခွင့်မရသော အရပ် (ငရဲဘုံ (၈)ထပ် ရှိသည်)

၂။ တိရစ္ဆာန် = မဂ်ဖိုလ်မကပ်၊ ထောင့်ဖြတ်ဖီလာသွား တတ်သော သတ္တဝါ၊

၃။ ပြိတ္တာ =ချမ်းသာအပေါင်းမှ ကင်းဝေးသော သတ္တဝါ၊

၄။ အသူရကာယ်=နတ်များကဲ့သို့ မရဲရင့် မတောက်ပ သော သတ္တဝါ၊

ကပ်သုံးပါး

ကပ်ဟူသည် ပျက်စီးခြင်းကို ဆိုလိုသည်၊

၁။ ဒုဗ္ဘိက္ခန္တရကပ်= အစာငတ်မွတ် ဘေးကြောင့် ပျက်စီး ရခြင်း၊

၂။ သတ္ထန္တရကပ်=လက်နက်ဘေး ကြောင့် ပျက်စီးရခြင်း၊

၃။ ရောဂန္တရကပ်=ပုလိပ်ရောဂါ စသော ကပ်ရောဂါ ဘေးကြောင့် ပျက်စီးရခြင်း၊

## ရှစ်ပါးသီလခံယူဆောက်တည်ခြင်း

ကပ်ဆိုက်ပုံ

လောဘကြီးက ဒုဗ္ဘိက္ခန္တရကပ် ဆိုက်သည်။ဒေါသကြီးက သတ္ထန္တရကပ် ဆိုက်သည်။မောဟကြီးက ရောဂန္တရကပ် ဆိုက်သည်။

ရပ်ပြစ်ရှစ်ပါး

ရပ်ပြစ်ရှစ်ပါးဟူသည်
မင်္ဂဖိုလ်မရနိုင်သော အရပ်ဖြစ်သည်။

၁။ ငရဲ
၂။ တိရစ္ဆာန်
၃။ ပြိတ္တာ
၄။ အသညသတ်နှင့် အရူပပြဟ္မာ
၅။ ပစ္စန္တရစ်အရပ်
၆။ မိစ္ဆာဒိဋ္ဌိအယူ
၇။ ဉာဏ်ပညာမရှိသူ
၈။ ဘုရားမပွင့်ချိန်လူဖြစ်ရခြင်း။

ရန်သူမျိုး ငါးပါး

ရန်သူမျိုးငါးပါးဟူသည်

၁။ ရေ
၂။ မီး

သုံးတတ်လျှင် အကျိုးရှိသော်လည်း သတိမရှိမသုံးတတ်လျှင် ရန်သူဖြစ်သည်။

၃။ မင်းဆိုးမင်းညစ်
မင်းကောင်းမင်းမြတ်များသည် တိုင်းပြည်အတွက်

အလိုရှိအပ်သော အရာ
ဖြစ်သည်။
မင်းဆိုးမင်းညစ်ကိုသာ
ဆိုလိုရင်းဖြစ်သည်။
၄။ ခိုးသူ
၅။ အမွေခံ သားဆိုးသမီးဆိုး၊

ဝိပတ္တိတရားလေးပါး

ဝိပတ္တိဟူသည်
ဖောက်ပြန်ချွတ်ယွင်းခြင်းဖြစ်သည်။
၁။ ဂတိဝိပတ္တိ=အပါယ်ဘုံ၌ ဖြစ်ရခြင်း၊
၂။ ဥပဓိဝိပတ္တိ=ရုပ်ဆင်းအင်္ဂါ ပျက်စီးရခြင်း၊
၃။ ကာလဝိပတ္တိ=တရားမစောင့်သူတို့လက်ထက်၌ ဖြစ်ရခြင်း၊
၄။ ပယောဂဝိပတ္တိ= အကုသိုလ် တရားကိုသာအား ထုတ်၍ နေခြင်း၊

ဗျသနတရားငါးပါးတို့မှ

ဗျသနဟူသည်
ပျက်စီးခြင်းဖြစ်သည်။
၁။ ဉာတိဗျသန=ဆွေမျိုးပျက်စီးခြင်း၊
၂။ ဘောဂဗျသန=စည်းစိမ်ပျက်စီးခြင်း၊

၃။ ရောဂဗျသန=ရောဂါနှိပ်စက်
ပျက်စီးခြင်း၊

၄။ ဒိဋ္ဌိဗျသန=အယူလွဲမှားပျက်စီးခြင်း၊

၅။ သီလဗျသန=အကျင့်သီလ ပျက်စီး
ခြင်း၊

(အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ )

| | |
|---|---|
| မဂ်တရား | မဂ်တရားဟူသည် နိဗ္ဗာန်သို့ ဆိုက်ရောက်ကြောင်း လမ်းဖြစ်သည်။ |
| ဖိုလ်တရား | ဖိုလ်တရားဟူသည် နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းကြောင်း၏ ကောင်းကျိုးဖြစ်သည်။ |
| နိဗ္ဗာန်ချမ်းသာ (တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။) | နိဗ္ဗာန်ချမ်းသာဟူသည် ရုပ်နာမ်ခန္ဓာတို့၏ ချုပ်ငြိမ်းရာ ချမ်းသာသော ဓာတ်သဘော ဖြစ်သည်။ |

## ရှစ်ပါးသီလခံယူဆောက်တည်ခြင်း

(သီလပေးဆရာတော်) ဤသို့ ရတနာသုံးပါးကို ရှိခိုးပူဇော်
ဖူးမြော် မာန်လျှော့ကန်တော့ ရသော
ကုသိုလ်ကံ စေတနာ တို့ကြောင့်
မိမိတို့ အလိုရှိအပ် တောင့်တအပ်
သော ဆုထူး ဆုမြတ် အပေါင်းတို့
နှင့် ပြည့်စုံကြပါစေ။

(ပရိသတ်) ပေးသောဆုနှင့်ပြည့်စုံရပါလို၏ အရှင်ဘုရား။



# ရှစ်ပါးသီလဆောက်တည်ပုံ

## သီလတောင်း

(သီလပေးဆရာတော်က ချပေး၍ ပရိသတ်များက လိုက်ဆိုရန်)

အဟံ ဘန္တေ တိသရဏေနသဟ အဋ္ဌင်္ဂ-သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

အရှင်ဘုရား၊ တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလဟူသော တရားတော်ကို တောင်းပါ၏၊

အရှင်ဘုရား၊ တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ရှစ်ပါးသီလကို ပေးတော်မူပါကုန်ဘုရား။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

အရှင်ဘုရား၊ နှစ်ကြိမ်မြောက်နောက်ထပ်တစ်ဖန်လည်း တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလဟူသော တရားတော်ကို တောင်းပါ၏၊

အရှင်ဘုရား၊ တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ရှစ်ပါးသီလကို ပေးတော်မူပါကုန်ဘုရား။

## ရှစ်ပါးသီလခံယူဆောက်တည်ခြင်း

**တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။**

အရှင်ဘုရား သုံးကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလဟူသော တရားတော်ကို တောင်းပါ၏။

အရှင်ဘုရား တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ရှစ်ပါးသီလကို ပေးတော်မူပါကုန်ဘုရား။

(သီလပေးဆရာတော်) **ယ မဟံ ဝဒါမိ၊ တံ ဝဒေထ။**

ဆရာတော်ဆိုသလို လိုက်ဆိုကြပါ။

(ပရိသတ်) **အာမ ဘန္တေ။**

မှန်ပါဘုရား။



# သီလပေးဘုရားရှိခိုး

(သီလပေးဆရာတော်က ချပေး၍ ပရိသတ်များက လိုက်ဆိုရန်)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
ပူဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်သာ သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
ပူဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်သာ သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
ပူဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်သာ သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

# သရဏဂုံဆောက်တည်ပုံ

(သီလပေးဆရာတော်ကချပေး၍ ပရိသတ်များက လိုက်ဆိုရန်)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

သံဃံ သရဏံ ဂစ္ဆာမိ။

သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

နှစ်ကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။

နှစ်ကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

နှစ်ကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

## ရှစ်ပါးသီလခံယူဆောက်တည်ခြင်း

**တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။**

သုံးကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

**တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။**

သုံးကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

**တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။**

သုံးကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

**(သီလပေးဆရာတော်) သရဏဂမနံ ပရိပုဏ္ဏံ။**

သရဏဂုံဆောက်တည်မှု ပြည့်စုံပြီ။

**(ပရိသတ်) အာမ ဘန္တေ။**

မှန်ပါဘုရား။

# ရှစ်ပါးသီလဆောက်တည်ပုံ

(သီလပေးဆရာတော်က ချပေး၍ ပရိသတ်များက လိုက်ဆိုရန်)

၁။ **ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။**
သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရာဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၂။ **အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။**
ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတစ်ပါး၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ရာဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၃။ **အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။**
မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ရာဖြစ်သော သိက္ခာပုဒ်ကို၊ ကောင်းစွာ ဆောက်တည်ပါ၏။

၄။ **မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။**
မဟုတ်မမှန် လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ရာဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

## ရှစ်ပါးသီလခံယူဆောက်တည်ခြင်း

၅။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

သေရည်သေရက်နှင့် မူးယစ်ဆေးဝါးတို့ကို သောက်သုံးခြင်းမှ ရှောင်ကြဉ်ရာဖြစ်သောသိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

နေလွဲအခါစားသောက်ခြင်းမှ ရှောင်ကြဉ်ရာဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

သာသနာတော် အကျင့်မြတ်၏ အနှောင့်အယှက်ဖြစ်သော ကခြင်း, သီချင်းဆိုခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်းမှလည်းကောင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာပျောင်းတို့ဖြင့် အလှပြင်ခြင်းမှလည်းကောင်း ရှောင်ကြဉ်ရာဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၈။ ဥစ္စာသယနမဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

မြင့်သောနေရာ မြတ်သောနေရာတို့၌ နေထိုင် အိပ်လျောင်းခြင်းမှ ရှောင်ကြဉ်ရာဖြစ်သောသိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

## ရှစ်ပါးသီလခံယူဆောက်တည်ခြင်း

(သီလပေးဆရာတော်က ချပေး၍ ပရိသတ်များက လိုက်ဆိုရန်)

ဣဒံ မေ သီလံ မဂ္ဂဖလနိဗ္ဗာနဿ ပစ္စယော ဟောတု၊

တပည့်တော်၏ ဤယခုဆောက်တည်ပြီးသော ရှစ်ပါးသီလသည် မဂ်ဖိုလ်နိဗ္ဗာန်ကိုရခြင်း၏ အားကောင်းသော အကြောင်း အထောက်အပံ့ ဖြစ်ပါစေသတည်း။

(သီလပေးဆရာတော်) တိသရဏေန သဟ အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်သီလဟူသော တရားတော်ကို အရိုအသေအလေး အမြတ်ပြု၍ မမေ့မလျော့သောသတိဖြင့် ပြီးပြည့်စုံစေကြကုန်လော့။


(ပရိသတ်) အာမ ဘန္တေ။

မှန်ပါ ဘုရား။

**(ရှစ်ပါးသီလဆောက်တည်ခြင်းပြီး၏။)**



# ကိုးပါးသီလဆောက်တည်ခြင်း





# ကိုးပါးသီလခံယူဆောက်တည်ခြင်း

## ကန်တော့ချိုး

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှါ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေး အမြတ် လက်စုံ မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ ပါ၏ အရှင်ဘုရား၊ ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

(သီလပေးဆရာတော်က''သီလခံယူဆောက်တည်ခြင်း ကန်တော့ချိုး'' တွင် ပါဠိပုဒ်များနှင့်အဓိပ္ပါယ် ငုတ်ကွယ်နေသော အချက်အလက်များကို သီလခံယူသူများ ရှင်းလင်းစွာ နားလည်နိုင်စေရန် မြန်မာပြန် ရှင်းလင်းချက်ကို အောက်ပါ အတိုင်း ရှင်းလင်းဟောကြားပါသည် –)

ဩကာသ ဩကာသ ဩကာသ ရှိခိုးကန်တော့ရန် ခွင့်ပြုတော်မူပါ၊ ၃ ကြိမ်

## ကိုးပါးသီလခံယူဆောက်တည်ခြင်း

| | |
|---|---|
| ကာယကံ | ကိုယ်ဖြင့်ပြုသောအမှု၊ |
| ဝစီကံ | နှုတ်ဖြင့်ပြုသောအမှု၊ |
| မနောကံ | စိတ်ဖြင့်ပြုသောအမှု၊ |
| သဗ္ဗဒေါသ | အားလုံးသောအပြစ်၊ |
| (ခပ်သိမ်းသောအပြစ်တို့ကို ပျောက် ပါစေခြင်း အကျိုးငှါ) | |
| ပထမ၊ ဒုတိယ၊ တတိယ၊ | ၁-ကြိမ်၊ ၂-ကြိမ်၊ ၃-ကြိမ်၊ |
| တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် | |
| ဘုရားရတနာ | နှစ်သက်မြတ်နိုးအပ်သောဘုရား၊ |
| တရားရတနာ | နှစ်သက်မြတ်နိုးအပ်သောတရား၊ |
| သံဃာရတနာ | နှစ်သက်မြတ်နိုးအပ်သောသံဃာ၊ |
| (ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ်၊ လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား၊ ကန်တော့ရသော အကျိုးအားကြောင့်) | |
| အပါယ်လေးပါး | အပါယ်ဟူသည် ချမ်းသာကင်း၍ ကုသိုလ်ပြုခွင့် မရသော အရပ်၊ |

# ကိုးပါးသီလခံယူဆောက်တည်ခြင်း

၁။ ငရဲ = ချမ်းသာကင်း၍ ကုသိုလ်ပြုခွင့်မရသော အရပ် (ငရဲဘုံ (၈)ဘုံ ရှိသည်)

၂။ တိရစ္ဆာန် = မက်ဖိုလ်မကပ်၊ ထောင့်ဖြတ်ဖီလာသွား တတ်သော သတ္တဝါ၊

၃။ ပြိတ္တာ =ချမ်းသာအပေါင်းမှ ကင်းဝေးသော သတ္တဝါ၊

၄။ အသူရကာယ်=နတ်များကဲ့သို့ မရဲရင့် မတောက်ပ သော သတ္တဝါ၊

## ကပ်ဟူသည်

ပျက်စီးခြင်းကို ဆိုလိုသည်၊

၁။ ဒုဗ္ဘိက္ခန္တရကပ်= အစာငတ်မွတ် ဘေးကြောင့် ပျက်စီး ရခြင်း၊

၂။ သတ္ထန္တရကပ်=လက်နက်ဘေး ကြောင့် ပျက်စီးရခြင်း၊

၃။ ရောဂန္တရကပ်=ပုလိပ်ရောဂါ စသော ကပ်ရောဂါ ဘေးကြောင့် ပျက်စီးရခြင်း၊

ကပ်ဆိုက်ပုံ

လောဘကြီးက ဒုဗ္ဘိက္ခန္တရကပ် ဆိုက်သည်၊ဒေါသကြီးက သတ္ထန္တရကပ် ဆိုက်သည်။မောဟကြီးက ရောဂန္တရကပ် ဆိုက်သည်။

ရပ်ပြစ်ရှစ်ပါး

ရပ်ပြစ်ရှစ်ပါးဟူသည်
မင်္ဂလာမရနိုင်သော အရပ်ဖြစ်သည်။
၁။ ငရဲ
၂။ တိရစ္ဆာန်
၃။ ပြိတ္တာ
၄။ အသညသတ်နှင့် အရူပဗြဟ္မာ
၅။ ပစ္စန္တရစ်အရပ်
၆။ မိစ္ဆာဒိဋ္ဌိအယူ
၇။ ဉာဏ်ပညာမရှိသူ
၈။ ဘုရားမပွင့်ချိန်လူဖြစ်ရခြင်း။

ရန်သူမျိုး ငါးပါး

ရန်သူမျိုးငါးပါးဟူသည်
၁။ ရေ } သုံးတတ်လျှင် အကျိုးရှိ
၂။ မီး } သော်လည်း သတိမရှိ မသုံးတတ်လျှင် ရန်သူ ဖြစ်သည်။
၃။ မင်းဆိုးမင်းညစ်
မင်းကောင်းမင်းမြတ်များသည် တိုင်းပြည်အတွက်

# ကိုးပါးသီလခံယူဆောက်တည်ခြင်း

အလိုရှိအပ်သော အရာ ဖြစ်သည်။
မင်းဆိုးမင်းညစ်ကို သာ ဆိုလိုရင်းဖြစ်သည်။
၄။ ခိုးသူ
၅။ အမွေခံ သားဆိုးသမီးဆိုး၊

ဝိပတ္တိတရားလေးပါး

ဝိပတ္တိဟူသည်
ဖောက်ပြန်ချွတ်ယွင်းခြင်းဖြစ်သည်။
၁။ ဂတိဝိပတ္တိ=အပါယ်ဘုံ၌ ဖြစ်ရခြင်း၊
၂။ ဥပဓိဝိပတ္တိ=ရုပ်ဆင်းအင်္ဂါ ပျက်စီးရခြင်း၊
၃။ ကာလဝိပတ္တိ =တရားမစောင့်သူတို့လက်ထက်၌ ဖြစ်ရခြင်း၊
၄။ ပယောဂဝိပတ္တိ= အကုသိုလ် တရားကိုသာအား ထုတ်၍ နေခြင်း၊

ဗျသနတရားငါးပါးတို့မှ

ဗျသနဟူသည်
ပျက်စီးခြင်းဖြစ်သည်။
၁။ ဉာတိဗျသန=ဆွေမျိုးပျက်စီးခြင်း၊
၂။ ဘောဂဗျသန=စည်းစိမ်ပျက်စီးခြင်း၊

## ကိုးပါးသီလခံယူဆောက်တည်ခြင်း

၃။ ရောဂဗျသန=ရောဂါနှိပ်စက်ပျက်စီးခြင်း၊

၄။ ဒိဋ္ဌိဗျသန=အယူလွဲမှားပျက်စီးခြင်း၊

၅။ သီလဗျသန=အကျင့်သီလ ပျက်စီးခြင်း၊

(အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ )

မဂ်တရား

**မဂ်တရားဟူသည်** နိဗ္ဗာန်သို့ ဆိုက်ရောက်ကြောင်း လမ်းဖြစ်သည်။

ဖိုလ်တရား

**ဖိုလ်တရားဟူသည်** နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းကြောင်း၏ ကောင်းကျိုးဖြစ်သည်။

နိဗ္ဗာန်ချမ်းသာ (တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။)

**နိဗ္ဗာန်ချမ်းသာဟူသည်** ရုပ်နာမ်ခန္ဓာတို့၏ ချုပ်ငြိမ်းရာ ချမ်းသာသော ဓာတ်သဘော ဖြစ်သည်။

## ကိုးပါးသီလခံယူဆောက်တည်ခြင်း

(သီလပေးဆရာတော်) ဤသို့ ရတနာသုံးပါးကို ရှိခိုးပူဇော်
ဖူးမြော် မာန်လျှော့ကန်တော့ ရသော
ကုသိုလ်ကံ စေတနာ တို့ကြောင့်
မိမိတို့ အလိုရှိအပ် တောင့်တအပ်
သော ဆုထူး ဆုမြတ် အပေါင်းတို့
နှင့် ပြည့်စုံကြပါစေ။

(ပရိသတ်) ပေးသောဆုနှင့်ပြည့်စုံရပါလို၏ အရှင်ဘုရား။



# ကိုးပါးသီလဆောက်တည်ပုံ

## သီလတောင်း

(သီလပေးဆရာတော်ကချပေး၍ ပရိသတ်များက လိုက်ဆိုရန်)

အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂ-သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

အရှင်ဘုရား၊ တပည့်တော်သည် သရဏဂုံသုံးပါးနှင့် တကွ အင်္ဂါကိုးပါးနှင့် ပြည့်စုံသော ဥပုသ်သီလဟူသော တရားတော်ကို တောင်းပါ၏။

အရှင်ဘုရား တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ကိုးပါးသီလကို ပေးတော်မူပါကုန်ဘုရား။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

အရှင်ဘုရား၊ နှစ်ကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါကိုးပါးနှင့် ပြည့်စုံသော ဥပုသ်သီလဟူသော တရားတော်ကို တောင်းပါ၏။

အရှင်ဘုရား၊ တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ကိုးပါးသီလကို ပေးတော်မူပါကုန်ဘုရား။

## ကိုးပါးသီလခံယူဆောက်တည်ခြင်း

**တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။**

အရှင်ဘုရား၊ သုံးကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါကိုးပါးနှင့် ပြည့်စုံသော ဥပုသ်သီလဟူသော တရားတော်ကို တောင်းပါ၏။

အရှင်ဘုရား၊ တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ကိုးပါးသီလကို ပေးတော်မူပါကုန်ဘုရား။

(သီလပေးဆရာတော်) ယ မဟံ ဝဒါမိ၊ တံ ဝဒေထ။

ဆရာတော်ဆိုသလို လိုက်ဆိုကြပါ။

(ပရိသတ်) **အာမ ဘန္တေ။**

မှန်ပါဘုရား။

• • • • •

# သီလပေးဘုရားရှိခိုး

(သီလပေးဆရာတော်ကချပေး၍ ပရိသတ်များကလိုက်ဆိုရန်)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်သာသိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်သာ သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်သာ သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

# သရဏဂုံဆောက်တည်ပုံ

(သီလပေးဆရာတော်ကချပေး၍ ပရိသတ်များက လိုက်ဆိုရန်)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ဓမ္မံ သရဏံ ဂစ္ဆာမိ။
တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

သံဃံ သရဏံ ဂစ္ဆာမိ။
သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
နှစ်ကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
နှစ်ကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
နှစ်ကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

# ကိုးပါးသီလခံယူဆောက်တည်ခြင်း


တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
သုံးကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သုံးကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
သုံးကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

(သီလပေးဆရာတော်) သရဏဂမနံ ပရိပုဏ္ဏံ။
သရဏဂုံဆောက်တည်မှု ပြည့်စုံပြီ။

(ပရိသတ်) အာမ ဘန္တေ။
မှန်ပါဘုရား။



# ကိုးပါးသီလဆောက်တည်ပုံ

(သီလပေးဆရာတော်ကချပေး၍ ပရိသတ်များက လိုက်ဆိုရန်)

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရာဖြစ်သော
သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော
သူတပါး၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ရာဖြစ်သော
သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ရာဖြစ်သော
သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
မဟုတ်မမှန် လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ရာ
ဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

## ကိုးပါးသီလခံယူဆောက်တည်ခြင်း

၅။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

သေရည်သေရက်နှင့် မူးယစ်ဆေးဝါးတို့ကို သောက်သုံးခြင်းမှ ရှောင်ကြဉ်ရာဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၆။ ဝိကာလဘောဇနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

နေလွဲအခါစားသောက်ခြင်းမှ ရှောင်ကြဉ်ရာဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာဝေ ရမဏီသိက္ခာ-ပဒံ သမာဒိယာမိ။

သာသနာတော် အကျင့်မြတ်၏ အနှောင့်အယှက်ဖြစ်သော ကခြင်း, သီချင်းဆိုခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်းမှလည်းကောင်း ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာပျောင်းတို့ဖြင့် အလှပြင်ခြင်းမှလည်းကောင်း ရှောင်ကြဉ်ရာဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၈။ ဥစ္စာသယနမဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

မြင့်သောနေရာ မြတ်သောနေရာတို့၌ နေထိုင်အိပ်လျောင်းခြင်းမှ ရှောင်ကြဉ်ရာဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

## ကိုးပါးသီလခံယူဆောက်တည်ခြင်း

၉။ မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟာရဏံ သမာဒိယာမိ။

မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့် အလုံးစုံသောသတ္တဝါတို့၌ ဖြန့်၍နေခြင်းကို ကောင်းစွာ ဆောက်တည်ပါ၏။

(သီလပေးဆရာတော်ချပေး၍ ပရိသတ်များကလိုက်ဆိုရန်)

ဣဒံ မေ သီလံ မဂ္ဂဖလနိဗ္ဗာနဿ ပစ္စယော ဟောတု၊

တပည့်တော်၏ ဤယခုဆောက်တည်ပြီးသော ကိုးပါးသီလသည် မဂ်ဖိုလ်နိဗ္ဗာန်ကိုရခြင်း၏ အားကောင်းသော အကြောင်း အထောက်အပံ့ ဖြစ်ပါစေသတည်း။


(သီလပေးဆရာတော်) တိသရဏေန သဟ နဝင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

သရဏဂုံသုံးပါးနှင့် တကွ အင်္ဂါကိုးပါးနှင့်ပြည့်စုံသော ဥပုသ်သီလ ဟူသော တရားတော်ကို အရိုအသေ အလေးအမြတ်ပြု၍ မမေ့မလျော့သော သတိဖြင့် ပြီးပြည့်စုံစေကြကုန်လော့။


(ပရိသတ်) အာမ ဘန္တေ။


မှန်ပါဘုရား။

**(ကိုးပါးသီလဆောက်တည်ခြင်းပြီး၏။)**



# ဆယ်ပါးသီလဆောက်တည်ခြင်း





# ဆယ်ပါးသီလခံယူဆောက်တည်ခြင်း

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှါ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်စုံ မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား၊ ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

(သီလပေးဆရာတော်က ''သီလခံယူဆောက်တည်ခြင်း ကန်တော့ချိုး'' တွင် ပါဠိပုဒ်များနှင့်အဓိပ္ပါယ် ဝှတ်ကွယ်နေသော အချက်အလက်များကို သီလခံယူသူများ ရှင်းလင်းစွာ နားလည်နိုင်စေရန် မြန်မာပြန် ရှင်းလင်းချက်ကို အောက်ပါအတိုင်း ရှင်းလင်းဟောကြားပါသည် –)

ဩကာသ ဩကာသ ဩကာသ ရှိခိုးကန်တော့ရန် ခွင့်ပြုတော်မူပါ၊
၃ ကြိမ်

## ဆယ်ပါးသီလခံယူဆောက်တည်ခြင်း

| | |
|---|---|
| ကာယကံ | ကိုယ်ဖြင့်ပြုသောအမှု၊ |
| ဝစီကံ | နှုတ်ဖြင့်ပြုသောအမှု၊ |
| မနောကံ | စိတ်ဖြင့်ပြုသောအမှု၊ |
| သဗ္ဗဒေါသ | အားလုံးသောအပြစ်၊ |
| (ခပ်သိမ်းသောအပြစ်တို့ကို ပျောက် ပါစေခြင်း အကျိုးငှါ) | |
| ပထမ၊ ဒုတိယ၊ တတိယ၊ | ၁–ကြိမ်၊ ၂–ကြိမ်၊ ၃–ကြိမ်၊ |
| တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် | |
| ဘုရားရတနာ | နှစ်သက်မြတ်နိုးအပ်သောဘုရား၊ |
| တရားရတနာ | နှစ်သက်မြတ်နိုးအပ်သောတရား၊ |
| သံဃာရတနာ | နှစ်သက်မြတ်နိုးအပ်သောသံဃာ၊ |
| (ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ်၊ လက်စုံမိုး၍၊ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ ပါ၏ အရှင်ဘုရား၊ ကန်တော့ရသော အကျိုးအားကြောင့်) | |
| အပါယ်လေးပါး | အပါယ်ဟူသည် ချမ်းသာကင်း၍ ကုသိုလ်ပြုခွင့် မရသော အရပ်၊ |

## ဆယ့်ပါးသီလခံယူဆောက်တည်ခြင်း

၁။ ငရဲ = ချမ်းသာကင်း၍ ကုသိုလ်ပြုခွင့်မရသော အရပ် (ငရဲဘုံ (၈)ထပ် ရှိသည်)

၂။ တိရစ္ဆာန် = မဂ်ဖိုလ်မကပ်၊ ထောင့်ဖြတ်ဖီလာသွား တတ်သော သတ္တဝါ၊

၃။ ပြိတ္တာ =ချမ်းသာအပေါင်းမှ ကင်းဝေးသော သတ္တဝါ၊

၄။ အသူရကာယ် =နတ်များကဲ့သို့ မရဲရင့် မတောက်ပ သော သတ္တဝါ၊

ကပ်သုံးပါး

ကပ်ဟူသည် ပျက်စီးခြင်းကို ဆိုလိုသည်၊

၁။ ဒုဗ္ဘိက္ခန္တရကပ်= အစာငတ်မွတ် ဘေးကြောင့် ပျက်စီး ရခြင်း၊

၂။ သတ္ထန္တရကပ် =လက်နက်ဘေး ကြောင့် ပျက်စီးရခြင်း၊

၃။ ရောဂန္တရကပ်=ပုလိပ်ရောဂါ စသော ကပ်ရောဂါ ဘေးကြောင့် ပျက်စီးရခြင်း၊

# ဆယ်ပါးသီလခံယူဆောက်တည်ခြင်း

ကပ်ဆိုက်ပုံ
လောဘကြီးက ဒုဗ္ဘိက္ခန္တရကပ် ဆိုက်သည်။ဒေါသကြီးက သတ္ထန္တရကပ် ဆိုက်သည်။မောဟကြီးက ရောဂန္တရကပ် ဆိုက်သည်။

ရပ်ပြစ်ရှစ်ပါး

ရပ်ပြစ်ရှစ်ပါးဟူသည်
မင်္ဂဖိုလ်မရနိုင်သော အရပ်ဖြစ်သည်။
၁။ ငရဲ
၂။ တိရစ္ဆာန်
၃။ ပြိတ္တာ
၄။ အသညသတ်နှင့် အရူပပြဟ္မာ
၅။ ပစ္စန္တရစ်အရပ်
၆။ မိစ္ဆာဒိဋ္ဌိအယူ
၇။ ဉာဏ်ပညာမရှိသူ
၈။ ဘုရားမပွင့်ချိန်လူဖြစ်ရခြင်း။

ရန်သူမျိုး ငါးပါး

ရန်သူမျိုးငါးပါးဟူသည်
၁။ ရေ
၂။ မီး
} သုံးတတ်လျှင် အကျိုးရှိသော်လည်း သတိမရှိ မသုံးတတ်လျှင် ရန်သူဖြစ်သည်။
၃။ မင်းဆိုးမင်းညစ်
မင်းကောင်းမင်းမြတ်များသည် တိုင်းပြည်အတွက်

## ဆယ်ပါးသီလခံယူဆောက်တည်ခြင်း

အလိုရှိအပ်သော အရာဖြစ်သည်။
မင်းဆိုးမင်းညစ်ကို သာဆိုလိုရင်းဖြစ်သည်။
၄။ ခိုးသူ
၅။ အမွေခံ သားဆိုးသမီးဆိုး၊

**ဝိပတ္တိတရားလေးပါး**

ဝိပတ္တိဟူသည်
ဖောက်ပြန်ချွတ်ယွင်းခြင်းဖြစ်သည်။
၁။ ဂတိဝိပတ္တိ=အပါယ်ဘုံ၌ ဖြစ်ရခြင်း၊
၂။ ဥပဓိဝိပတ္တိ=ရုပ်ဆင်းအင်္ဂါ ပျက်စီးရခြင်း၊
၃။ ကာလဝိပတ္တိ=တရားမစောင့်သူတို့လက်ထက်၌ ဖြစ်ရခြင်း၊
၄။ ပယောဂဝိပတ္တိ= အကုသိုလ် တရားကိုသာအား ထုတ်၍နေခြင်း၊

**ဗျသနတရားငါးပါးတို့မှ**

ဗျသနဟူသည်
ပျက်စီးခြင်းဖြစ်သည်။
၁။ ဉာတိဗျသန=ဆွေမျိုးပျက်စီးခြင်း၊
၂။ ဘောဂဗျသန=စည်းစိမ်ပျက်စီးခြင်း၊

၃။ ရောဂဗျသန=ရောဂါနှိပ်စက် ပျက်စီးခြင်း၊
၄။ ဒိဋ္ဌိဗျသန=အယူလွဲမှားပျက်စီးခြင်း၊
၅။ သီလဗျသန=အကျင့်သီလ ပျက်စီး ခြင်း၊

(အခါခပ်သိမ်း ကင်းလွတ် ငြိမ်းသည်ဖြစ်၍ )

မဂ်တရား

မဂ်တရားဟူသည် နိဗ္ဗာန်သို့ ဆိုက်ရောက်ကြောင်း လမ်း ဖြစ်သည်။

ဖိုလ်တရား

ဖိုလ်တရားဟူသည် နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်း ကြောင်း၏ ကောင်းကျိုးဖြစ်သည်။

နိဗ္ဗာန်ချမ်းသာ (တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။)

နိဗ္ဗာန်ချမ်းသာဟူသည် ရုပ်နာမ်ခန္ဓာတို့၏ ချုပ်ငြိမ်းရာ ချမ်းသာ သော ဓာတ်သဘော ဖြစ်သည်။

## ဆယ်ပါးသီလခံယူဆောက်တည်ခြင်း

(သီလပေးဆရာတော်) ဤသို့ ရတနာသုံးပါးကို ရှိခိုးပူဇော်
ဖူးမြော် မာန်လျှော့ကန်တော့ ရသော
ကုသိုလ်ကံ စေတနာ တို့ကြောင့်
မိမိတို့ အလိုရှိအပ် တောင့်တအပ်
သော ဆုထူး ဆုမြတ် အပေါင်းတို့
နှင့် ပြည့်စုံကြပါစေ။

(ပရိသတ်) ပေးသောဆုနှင့်ပြည့်စုံရပါလို၏ အရှင်ဘုရား။

# ဆယ်ပါးသီလဆောက်တည်ပုံ

## သီလတောင်း

(သီလပေးဆရာတော်ကချပေး၍ ပရိသတ်များကလိုက်ဆိုရန်)

အဟံ ဘန္တေ တိသရဏေန သဟ ဒသင်္ဂ-သမန္နာဂတံ ဂဟဋ္ဌသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

အရှင်ဘုရား၊ တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါဆယ်ပါးနှင့် ပြည့်စုံသော လူတို့၏ ဥပုသ်သီလဟူသော တရားတော်ကို တောင်းပါ၏။

အရှင်ဘုရား၊ တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ဆယ်ပါးသီလကို ပေးတော်မူပါကုန်ဘုရား။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသင်္ဂသမန္နာဂတံ ဂဟဋ္ဌသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

အရှင်ဘုရား၊ နှစ်ကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါဆယ်ပါး နှင့် ပြည့်စုံသော လူတို့၏ ဥပုသ်သီလဟူသော တရားတော်ကို တောင်းပါ၏၊

အရှင်ဘုရား၊ တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ဆယ်ပါးသီလကို ပေးတော်မူပါကုန်ဘုရား။

# ဆယ်ပါးသီလခံယူဆောက်တည်ခြင်း

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသင်္ဂသမန္နာဂတံ ဂဟဋ္ဌသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

အရှင်ဘုရား၊ သုံးကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါဆယ်ပါးနှင့် ပြည့်စုံသော လူတို့၏ ဥပုသ်သီလဟူသော တရားတော်ကို တောင်းပါ၏။

အရှင်ဘုရား၊ တပည့်တော်အား ချီးမြှောက်ခြင်းကိုပြု၍ ဆယ်ပါးသီလကို ပေးတော်မူပါကုန်ဘုရား။

(သီလပေးဆရာတော်) ယ မဟံ ဝဒါမိ၊ တံ ဝဒေထ။

ဆရာတော်ဆိုသလို လိုက်ဆိုကြပါ။

(ပရိသတ်) အာမ ဘန္တေ။

မှန်ပါဘုရား။

## သီလပေးဘုရားရှိခိုး

(သီလပေးဆရာတော်က ချပေး၍ ပရိသတ်များက လိုက်ဆိုရန်)

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်သော သိတော် မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်သော သိတော် မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်သော သိတော် မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

# သရဏဂုံဆောက်တည်ပုံ

(သီလပေးဆရာတော်ကချပေး၍ ပရိသတ်များက လိုက်ဆိုရန်)

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။**

မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

**ဓမ္မံ သရဏံ ဂစ္ဆာမိ။**

တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

**သံဃံ သရဏံ ဂစ္ဆာမိ။**

သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

**ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။**

နှစ်ကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

**ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။**

နှစ်ကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

**ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။**

နှစ်ကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

## ဆယ်ပါးသီလခံယူဆောက်တည်ခြင်း

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

သုံးကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။

သုံးကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

သုံးကြိမ်မြောက် နောက်ထပ်တစ်ဖန်လည်း သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

(သီလပေးဆရာတော်) သရဏဂမနံ ပရိပုဏ္ဏံ။
သရဏဂုံဆောက်တည်မှု ပြည့်စုံပြီ။

(ပရိသတ်) အာမ ဘန္တေ။
မှန်ပါဘုရား။

# ဆယ်ပါးသီလဆောက်တည်ပုံ

(သီလပေးဆရာတော်က ချပေး၍ ပရိသတ်များကလိုက်ဆိုရန်)

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရာဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတပါး၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ရာဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၃။ အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ရာဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

မဟုတ်မမှန် လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ရာဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

## ဆယ်ပါးသီလခံယူဆောက်တည်ခြင်း

၅။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

သေရည်သေရက်နှင့် မူးယစ်ဆေးဝါးတို့ကို သောက်သုံးခြင်းမှ ရှောင်ကြဉ်ရာဖြစ်သောသိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၆။ ဝိကာလဘောဇနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

နေလွဲအခါစားသောက်ခြင်းမှ ရှောင်ကြဉ်ရာ ဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

သာသနာတော် အကျင့်မြတ်၏ အနှောင့်အယှက်ဖြစ်သော ကခြင်း, သီချင်းဆိုခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်းမှ ရှောင်ကြဉ်ရာဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

ပန်းပန်ခြင်း နံ့သာလိမ်းခြင်း၊ နံ့သာပျောင်းတို့ဖြင့် အလှပြင်ခြင်းမှ ရှောင်ကြဉ်ရာဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

## ဆယ်ပါးသီလခံယူဆောက်တည်ခြင်း

၉။ ဥစ္စာသယနမဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

မြင့်သောနေရာ မြတ်သောနေရာတို့၌ နေထိုင် အိပ်လျောင်းခြင်းမှ ရှောင်ကြဉ်ရာ ဖြစ်သော သိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ရွှေတုံးရွှေခဲ ငွေတို့ကို လက်ဖြင့် ကိုင်ခြင်း၊ ခံယူခြင်း၊ စီမံသုံးစွဲခြင်းတို့မှ ရှောင်ကြဉ်ရာဖြစ်သောသိက္ခာပုဒ်ကို ကောင်းစွာ ဆောက်တည်ပါ၏။



## ဆယ်ပါးသီလခံယူဆောက်တည်ခြင်း

(သီလပေးဆရာတော်က ချပေး၍ ပရိသတ်များကလိုက်ဆိုရန်)

ဣဒံ မေ သီလံ မဂ္ဂဖလနိဗ္ဗာနဿ ပစ္စယော ဟောတု၊

တပည့်တော်၏ ဤယခုဆောက်တည်ပြီးသော ဆယ်ပါးသီလသည် မဂ်ဖိုလ်နိဗ္ဗာန်ကိုရခြင်း၏ အားကောင်းသော အကြောင်း အထောက်အပံ့ ဖြစ်ပါစေသတည်း။

(သီလပေးဆရာတော်) တိသရဏေန သဟ ဒသင်္ဂ-သမန္နာဂတံ ဂဟဋ္ဌသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။


သရဏဂုံသုံးပါးနှင့် တကွ အင်္ဂါဆယ်ပါးနှင့်ပြည့်စုံသော လူတို့၏ ဥပုသ်သီလဟူသော တရားတော်ကို အရိုအသေ အလေးအမြတ်ပြု၍ မမေ့မလျော့သော သတိဖြင့် ပြီးပြည့်စုံစေကြကုန်လော။

(ပရိသတ်) အာမ ဘန္တေ။

မှန်ပါဘုရား။

(ဆယ်ပါးသီလဆောက်တည်ခြင်းပြီး၏။)

# ဘုရားဂုဏ်တော်(၉)ပါး
# တရားဂုဏ်တော်(၆)ပါး
# သံဃာ့ဂုဏ်တော်(၉)ပါး





# မြတ်စွာဘုရားဂုဏ်တော်(၉)ပါး

၁။ အရဟံ

ကိလေသာ ကင်းစင်တော် မူသောကြောင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ အားလုံးတို့၏ ပူဇော်အထူးကို ခံယူတော် မူထိုက်သော မြတ်စွာဘုရား။

၂။ သမ္မာသမ္ဗုဒ္ဓေါ

သိစရာအားလုံးတို့ကို အမှန်အတိုင်း ကိုယ်ပိုင်ဉာဏ်ဖြင့် သိတော်မူသော မြတ်စွာဘုရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော

ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့် ငါးပါးနှင့် ပြည့်စုံ တော်မူသော မြတ်စွာဘုရား။

၄။ သုဂတော

ကောင်းသောစကားကို ဆိုတော်မူသော မြတ်စွာဘုရား။

## ဘုရားဂုဏ်တော်(၉)ပါး

၅။ လောကဝိဒူ

သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက ဟုဆိုအပ်သော လောကသုံးပါးကို သိတော်မူသော မြတ်စွာဘုရား။

၆။ အနုတ္တရောပုရိသဒမ္မသာရထိ

ဆုံးမထိုက်သောသတ္တဝါတို့ကို ယဉ်ကျေးအောင် အတုမရှိ ဆုံးမတော်မူတတ်သော မြတ်စွာဘုရား။

၇။ သတ္ထာဒေဝမနုဿာနံ

နတ်လူတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော မြတ်စွာဘုရား။

၈။ ဗုဒ္ဓေါ

သစ္စာလေးပါးကို ကိုယ်တိုင်လည်း သိတော်မူ၊ သူတစ်ပါးတို့ကိုလည်း သိအောင်ဟောတော်မူသော မြတ်စွာဘုရား။

၉။ ဘဂဝါ

ဘုန်းတော်(၆)ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ထိုအရဟံအစ–ဘဂဝါအဆုံး (၉)ပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးပါ၏ဘုရား။

## ဘုရားဂုဏ်တော်(၉)ပါး

* ခက်ဆစ်အဓိပ္ပါယ်

ဘုရားဂုဏ်တော်ကိုးပါးတွင် ပါဝင်သော ''ခက်ဆစ်အဓိပ္ပါယ်''တို့ကို အောက်ပါအတိုင်း ဖေါ်ပြအပ်ပါသည်-

ဝိဇ္ဇာသုံးပါး

၁။ပုဗ္ဗေနိဝါသာနုဿတိဉာဏ် =ရှေးရှေးဘဝများစွာ၌ ကြုံတွေ့ခဲ့သမျှကို အောက်မေ့နိုင်သော ဉာဏ်၊

၂။ဒိဗ္ဗစက္ခုဉာဏ် =နတ်မျက်စိကဲ့သို့ ဝေးကွာသောအဆင်း၊ သေးငယ်သော အဆင်းကို မြင်နိုင်သော ဉာဏ်၊

၃။အာသဝက္ခယဉာဏ် =ကိလေသာ အာသဝေါတို့ကို ကုန်စေနိုင်သော အရဟတ္တမဂ် ဉာဏ်။

ဝိဇ္ဇာရှစ်ပါး

၁။ပုဗ္ဗေနိဝါသာနုဿတိဉာဏ် =ရှေးရှေးဘဝများစွာ၌ ကြုံတွေ့ခဲ့သမျှကို အောက်မေ့နိုင်သော ဉာဏ်၊

၂။ဒိဗ္ဗစက္ခုဉာဏ် =နတ်မျက်စိကဲ့သို့ ဝေးကွာသောအဆင်း၊ သေးငယ်သော အဆင်းကို မြင်နိုင်သော ဉာဏ်၊

## ဘုရားဂုဏ်တော်(၉)ပါး

၃။ အာသဝက္ခယဉာဏ်=ကိလေသာ အာသဝေါတို့ကို ကုန်စေနိုင်သော အရဟတ္တမဂ် ဉာဏ်၊

၄။ ဝိပဿနာဉာဏ်= အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရုပ်နာမ်တရား အားလုံးကို သိမြင်နိုင်သော ဉာဏ်၊

၅။ စေတောပရိယဉာဏ်= သူတစ်ပါး၏ စိတ်ကိုသိနိုင်သော ဉာဏ်၊

၆။ မနောမယိဒ္ဓိဉာဏ်=မိမိခန္ဓာကိုယ် အတွင်း၌ အလားတူကိုယ်တစ်မျိုးကို စိတ်ဖြင့် ဖန်ဆင်းနိုင်သော ဉာဏ်၊

၇။ ဒိဗ္ဗသောတဉာဏ်=နတ်တို့၏ နား ကဲ့သို့ ဝေးသောအသံ၊ သေးငယ်သော အသံကို ကြားနိုင်သော ဉာဏ်၊

၈။ ဣဒ္ဓိဝိဓဉာဏ်=မြေလျှိုး၊ မိုးပျံ စသည်ဖြင့် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သော ဉာဏ်။

## ဘုရားဂုဏ်တော်(၉)ပါး

စရဏတစ်ဆယ့်ငါးပါး

၁။သဒ္ဓါ= ကံ ကံ၏အကျိုးကို ယုံကြည်မှု၊

၂။သတိ= ကုသိုလ် ကောင်းမှု ဆိုင် ရာ၌ အမှတ်ရမှု၊

၃။ဟိရီ=မကောင်းမှုဒုစရိုက်မှ ရှက်မှု၊

၄။ဩတ္တပ္ပ=မကောင်းမှုဒုစရိုက်မှ ကြောက်လန့်မှု၊

၅။ဝီရိယ=ကုသိုလ်ကောင်းမှုကိစ္စ၌ အားထုတ်မှု၊

၆။သုတ=အကြားအမြင်များမှု၊

၇။ပညာ= အရာရာ၌ တတ်သိ လိမ္မာမှု၊

၈။ဘောဇနေမတ္တ ညုတာ = စား သောက် ရာ၌ ချင့်ချိန်တတ်မှု၊

၉။ဇာဂရိယာနုယောဂ= နိုးနိုး ကြားကြား ရှိမှု၊

၁၀။သီလ=ဆိုင်ရာသီလကို နေ့စဉ် စောင့်ထိန်းမှု၊

၁၁။ဣန္ဒြိယသံဝရ = မျက်စိနားနှာ စသော ဣန္ဒြေများကို စောင့်စည်းမှု၊

၁၂။ပဌမဈာန်
၁၃။ ဒုတိယဈာန်
၁၄။ တတိယဈာန်
၁၅။ စတုတ္ထဈာန်

# ဘုရားဂုဏ်တော်(၉)ပါး

| | |
|---|---|
| ကောင်းသောစကား | = မှန်ကန်၍ အကျိုးရှိသောစကား၊ |
| လောကသုံးပါး | ၁။ သတ္တလောက= သက်ရှိသတ္တဝါအားလုံး၊<br>၂။ ဩကာသလောက= သတ္တဝါတို့၏ တည်နေရာဘုံဌာန၊ ဘုံမရှိသောနေရာဌာန၊<br>၃။ သင်္ခါရလောက = ရုပ်တရား၊ နာမ်တရား အားလုံး၊ |
| သစ္စာလေးပါး | ၁။ ဒုက္ခသစ္စာ=ဆင်းရဲခြင်းအမှန်၊<br>၂။ သမုဒယသစ္စာ=ဒုက္ခဖြစ်ကြောင်းအမှန်၊<br>၃။ နိရောဓသစ္စာ=ဒုက္ခ၏ချုပ်ဆုံးရာအမှန်၊<br>၄။ မဂ္ဂသစ္စာ=နိဗ္ဗာန်ရောက်ကြောင်းအမှန်၊ |
| ဘုန်းတော်ခြောက်ပါး | ၁။ ဣဿရိယဘုန်းတော် = အလိုရှိသမျှ ပြီးစီးအောင် ဖန်ဆင်းနိုင်သောဘုန်းတော်၊<br>၂။ ဓမ္မဘုန်းတော် = မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ဟူသော လောကုတ္တရာ တရားကိုးပါး၊ |

## ဘုရားဂုဏ်တော်(၉)ပါး

၃။ ယသဘုန်းတော်= ပျံ့နှံ့ ကျော်စောသော ဂုဏ်သတင်း၊

၄။ သိရီဘုန်းတော်= လွန်စွာ သပ္ပါယ်သော ကျက်သရေ၊

၅။ ကာမဘုန်းတော် = အလိုတော်ရှိသမျှ လုံးဝဥဿုံ ပြီးပြည့်စုံနိုင်ခြင်း၊

၆။ ပယတ္တ ဘုန်းတော်= ကြီးမားလှစွာ သော လုံ့လဝီရိယတော်၊



# တရားဂုဏ်တော်(၆)ပါး

၁။ သွာက္ခာတော

အစ၊ အလယ်၊ အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ်သော တရားတော်၊

၂။ သန္ဒိဋ္ဌိကော

ကျင့်ဆောင်သူတို့အား ယခုဘဝ၌ပင် ဒိဋ္ဌတွေ့မြင် ခံစားရသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသောတရားတော်၊

၃။ အကာလိကော

ကာလမရွေး ကျင့်သည့်နေ့၌ပင် ကောင်းကျိုးချမ်းသာ လက်ငင်းခံစားရသော တရားတော်၊

၄။ ဧဟိပဿိကော

လာပါ၊ ရှုပါ၊ ကျင့်ကြံပါဟု မပါပါအောင် ခေါ်ဆောင် သွတ်သွင်း တိုက်တွန်းခြင်းငှါ ထိုက်တန်စွာသော ဂုဏ်ထူးနှင့် ပြည့်စုံတော်မူသော တရားတော်၊

၅။ ဩပနေယျိကော

မိမိကာယ အဇ္ဈတ္တတွင် ရရှိပေါက်ရောက် ကိုယ်တွေ့ မြောက်အောင် ကပ်၍ဆောင် ထိုက်သော ဂုဏ်ထူးနှင့် ပြည့်စုံတော် မူသော တရားတော်၊

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ

ပညာရှိသူ ရှင်လူအပေါင်း သူတော်ကောင်းတို့သည် မိမိတို့ သန္တာန်၌ ချမ်းသာလေစွ, ကောင်းလေစွဟု ကာယ, စိတ္တ , သုခ နှစ်ပြင် ထင်ထင်ရှားရှား ခံစားသိမြင်ရသော ဂုဏ်ထူးနှင့်ပြည့်စုံတော် မူသောတရားတော်။

ထို သွာက္ခာတ အစ – ဝိညူဟိ အဆုံး ခြောက်ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံသော တရားတော်မြတ်ကို သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။



# သံဃာ့ဂုဏ်တော်(၉)ပါး

မြတ်စွာဘုရား၏ ကလျာဏ ပုထုဇဉ် သီလဝန် ပညဝန် အရှင်မွန် အရှင်မြတ်တို့နှင့် တကွသော အရိယာ ရှစ်ပါး တပည့်သား သံဃာတော်မြတ်အပေါင်းသည်-

၁။ သုပ္ပဋိပန္နော

အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် လွန်ကောင်း မြတ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော် မူပါပေ၏။

၂။ ဥဇုပ္ပဋိပန္နော

အဓိသီလ,အဓိစိတ္တ,အဓိပညာ, သိက္ခာသုံးရပ် လွန်ဖြောင့် မတ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၃။ ဉာယပ္ပဋိပန္နော

အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် လွန်သင့် မြတ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၄။ သာမီစိပ္ပဋိပန္နော

အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် ရိုသေအပ် သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

## ၅။ **အာဟုနေယျော**

အဝေးကပင် ဆောင်ယူလာသော အလှူဝတ္ထုမျိုး ကိုလည်း ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

## ၆။ **ပါဟုနေယျော**

လက်ဆောင်အလို့ငှာ ယူ၍လာသော ဝတ္ထုမျိုး ကိုလည်း ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

## ၇။ **ဒက္ခိဏေယျော**

နောက်နောင်ဘဝ အကျိုးရဘို့ မျိုးချတုံလတ် မြတ်သော အလှူမျိုးကိုလည်း ခံယူခြင်းငှာ ထိုက်တန် စွာသော သီလဂုဏ်, သမာဓိဂုဏ်,ပညာဂုဏ်နှင့် ပြည့်စုံ တော်မူပါပေ၏။

## ၈။ **အဉ္ဇလိကရဏီယော**


လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ လက်အုပ်ချီခြင်း ကို ခံယူထိုက်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် နှင့် ပြည့်စုံတော်မူပါပေ၏။

## သံဃာ့ဂုဏ်တော်(၉)ပါး


### ၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ

အတူမရှိ မြင့်မြတ်သော၊ ကုသိုလ်မျိုးကို စိုက်ပျိုးကျဲချရာ လယ်ယာမြေကောင်း သဖွယ်လည်း ဖြစ်တော်မူ ပါပေ၏။

ထိုသုပ္ပဋိပန္နအစ– ပုညက္ခေတ္တံအဆုံး ကိုးပါးသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော သံဃာတော်မြတ် အပေါင်းကို သဒ္ဓါရိုကျိုး ရှိခိုးပါ၏ဘုရား။




# ပန်း၊ ဆီမီး၊ ဆွမ်း၊
# ရေချမ်းကပ်လှူခြင်း
# အမျှဝေ၊ ဆုတောင်း၊ မေတ္တာပို့





# ပန်း၊ ဆီမီး၊ ဆွမ်း၊ ရေချမ်း ကပ်လှူခြင်း

အရဟတာဒိနဝဂုဏောပေတံ၊ အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်၊ သမန္တာဂတံ၊ ပြည့်စုံတော်မူသော၊ နာထံ၊ နတ်လူတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော၊ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို၊ ဥဒ္ဒိဿ၊ ရည်မှန်း၍၊ ဣမံပုပ္ဖံစ၊ ဤပန်းကိုလည်းကောင်း၊ ဣမံဒီပဇာလံစ၊ ဤဆီမီးကိုလည်းကောင်း၊ ဣမံခါဒနီယဘောဇနီယံစ၊ ဤဆွမ်းခဲဖွယ်ဘောဇဉ်ကိုလည်းကောင်း၊ ဣမံပါနီယံစ၊ ဤသောက်တော်ရေကိုလည်းကောင်း၊ ဒေမိ ပူဇေမိ၊ ကပ်လှူ ပူဇော်ပါ၏ဘုရား။



## အမျှဝေ

ဤ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုတို့၏ အဖို့ဘာဂကို သုံးဆယ့်တစ်ဘုံ ကျင်လည်၍ နေကြကုန်သော ဝေနေယျ သုခိတ ဒုက္ခိတ သတ္တဝါအပေါင်း တို့အားလည်းကောင်း၊ အထူးအားဖြင့် ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ အာရမ်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး၊ မိုးနတ်သား၊ လေနတ်သား အစရှိသော နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့အားလည်းကောင်း၊ ကွယ်လွန်လေပြီး ကုန်သော အမိအဖအဖိုးအဖွား ဆရာသမားများနှင့် ဆွေမျိုးညာတိများအား လည်းကောင်း၊ အမျှ အမျှ အမျှ ပေးဝေငှပါကုန်၏၊ အမျှရကြသဖြင့် ချမ်းသာကြသည် ဖြစ်ပါစေကုန်သော်။


## ဆုတောင်း

ဤကောင်းမှု အစုစု၏ စွမ်းအားသည် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ရရာရကြောင်း ကောင်းသော အထောက်အပံ့များ ဖြစ်ကြပါစေကုန်သော်။

~ ~ ~ ~ ~

# မေတ္တာပို့


စကြဝဠာတစ်ခွင်လုံးရှိ နတ်လူသတ္တဝါ အားလုံးတို့သည် ဘေးရန်ကြောင့်ကြ၊ ကင်းရှင်းကြ၍၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ကောင်းကျိုး လိုရာဆန္ဒနှင့် တစ်လုံးတစ်ဝတည်းပြည့်စုံနိုင်ကြပါစေ။



# ပဋ္ဌာန်း(၂၄) ပစ္စည်း

( ပါဠိ၊ မြန်မာဆုတောင်း )

အဓိပ္ပာယ်



# ပဋ္ဌာန်း(၂၄) ပစ္စည်း ပါဠိ၊ မြန်မာ ဆုတောင်း အဓိပ္ပာယ်

၁။ ဟေတုပစ္စယော

အကုသိုလ်ကင်း၍ ကုသိုလ်နှင့် ယှဉ်တွဲပါရစေသား။

၂။ အာရမ္မဏပစ္စယော

မျက်စိနှင့်နားသည် နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါစေသား။

၃။ အဓိပတိပစ္စယော

ရုပ်နာမ်နှစ်ပါးကို စောင့်ရှောက်ထိန်းသိမ်းရပါစေသား။

၄။ အနန္တရပစ္စယော

များလှစွာသော ကုသိုလ်တရားများကို မျက်မှောက်ပြုရပါစေသား။

၅။ သမနန္တရပစ္စယော

ရုပ်နှင့်နာမ် အတူရှိသော တရားကို မျက်မှောက်ပြုရပါစေသား။

၆။ သဟဇာတပစ္စယော

ရုပ် ရုပ်ချင်း နာမ် နာမ်ချင်း ကင်းရှင်းစွာ သိရပါစေသား။

## ပဋ္ဌာန်း (၂၄) ပစ္စည်း

၇။ အညမညပစ္စယော

ရုပ်မှနာမ်သို့ နာမ်မှ ရုပ်သို့ ပြောင်းလဲ၍ သိရပါစေသား။

၈။ နိဿယပစ္စယော

ရုပ်နာမ်နှစ်ပါးတို့၏ တည်ရာကို သိရပါစေသား။

၉။ ဥပနိဿယပစ္စယော

ရတနာသုံးပါးကို ဦးထိပ် ထားရပါစေသား။

၁၀။ ပုရေဇာတပစ္စယော

ရှေးကဖြစ်သော အကုသိုလ်ကို ပယ်၍ ကုသိုလ်ကို မျက်မှောက်ပြုရပါစေသား။

၁၁။ ပစ္ဆာဇာတပစ္စယော

နောက်မှဖြစ်သော အကုသိုလ်ကို ပယ်၍ ကုသိုလ်ကို မျက်မှောက်ပြုရပါစေသား။

၁၂။ အာသေဝနပစ္စယော

လိုရာဆန္ဒမရှိအောင် ပြည့်စုံ ရပါစေသား။

၁၃။ ကမ္မပစ္စယော

ကံသုံးပါးတို့ကို ထိန်းသိမ်းနိုင်ရပါစေသား။

၁၄။ ဝိပါကပစ္စယော

ဝဋ်ကြွေးသုံးပါးကို ပယ်ဖျက်နိုင်ရပါစေသား။

## ပဋ္ဌာန်း (၂၄) ပစ္စည်း

၁၅။ **အာဟာရပစ္စယော**

လိုရာဆန္ဒကို ပြည့်စုံစွာ ထောက်ပံ့နိုင်ရပါစေသား။

၁၆။ **ဣန္ဒြိယပစ္စယော**

နာမ်ရုပ်ကို ထိန်းသိမ်းတတ်သော ပညာနှင့် ပြည့်စုံရပါစေသား။

၁၇။ **ဈာနပစ္စယော**

သူတော်ကောင်းတရား (၇)ပါး၊ ဥာဏ်စဉ် (၅)ပါး ပြည့်စုံရပါစေသား။

၁၈။ **မဂ္ဂပစ္စယော**

ဘာဝနာ (၂)ပါး အပေါင်းကို အာရုံပြု၍ အထွတ်အထိပ်ပညာကို ရပါစေသား။

၁၉။ **သမ္ပယုတ္တပစ္စယော**

သူတော်ကောင်းတို့နှင့် ပေါင်း၍(၇)ဖြာသော တရားနှင့် တွေ့ရပါစေသား။

၂၀။ **ဝိပ္ပယုတ္တပစ္စယော**

သူယုတ်မာနှင့်ဝေး၍ အကုသိုလ် ကင်းရှင်းရပါစေသား။

၂၁။ **အတ္ထိပစ္စယော**

သမုတိနယ်၏ အရှိကို ဟုတ်မှန်စွာ သိရှိရပါစေသား။

၂၂။ နတ္ထိပစ္စယော

ပရမတ္ထ မရှိတရား၏ အသိကိုမျက်မှောက်ပြုရပါစေသား။

၂၃။ ဝိဂတပစ္စယော

ရှေး၌ ပွင့်ကုန်သော ဘုရားတို့ကို ရှိခိုးရပါစေသား။

၂၄။ အဝိဂတပစ္စယော

ပွင့်လတ္တံ့သော ဘုရားတို့ကို ရှိခိုးရပါစေသား။



မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏

## ဆုတောင်းလင်္ကာ

ဤသည့်ပုည၊ ကုသလကြောင့်
လောဘ, ဒေါသ၊ မောဟကင်းကွာ
သံသရာဝယ်၊ ကျင်ပါရဘိ
ပညာရှိနှင့်၊ ယှဉ်မိပေါင်းသင်း
ဉာဏ်မဲ့ကွင်း၍၊ ပြည့်လင်းလှူဖွယ်
လှူစဉ်ဝယ်လည်း၊ သုံးသွယ်စေတနာ
ဖြောင့်ညီညာသည့်...၊
ခေမာအထွတ် တိုင်လိုသော်ဝ်။ ။

---

(အကိတ္တိဇာတ် (ဇာ-၅-၄။ ၂၃၇)နှင့်အညီဆုတောင်းခြင်းဖြစ်သည်)

၂၉
၁